# ညှိနှိုင်းသဘောတူညီမှုရယူခြင်း
# Consensus-Building Process

## ညှိနှိုင်းသဘောတူညီမှုအဓိပ္ပါယ်

ညှိနှိုင်းသဘောတူညီမှု၏အဓိပ္ပါယ်ကိုမည်ကဲ့သို့နားလည်ကြောင်းမေးမြန်းရာတွင်အောက်ပါအဖြေများရရှိခဲ့ပါသည်။



"တစ်ဦးချင်းသော်လည်းကောင်း၊အဖွဲ့အစည်းဖြင့်သော်လည်းကောင်း၊အယူအဆများအပေါ်ဆွေးနွေးညှိနှိုင်းခြင်းဖြင့်ရရှိလာမည့်သဘောတူညီမှုဖြစ်ပါသည်။"

"လုပ်ငန်းဆောင်ရွက်ရန်အခြေအနေအရပ်ရပ်ကိုနားလည်သဘောပေါက်ခြင်းသို့မဟုတ်ဆောင်ရွက်မည့်နည်းလမ်းများကို သဘောတူကြခြင်းဖြစ်ပါသည်။"

"ယူဆချက်အမျိုးမျိုးရှိနေသောအကြောင်းအရာအပေါ်တွင် အများလက်ခံနိုင်သောဆုံးဖြတ်ချက်ဖော်ထုတ်ရရှိခြင်းဖြစ်ပါသည်။"

အမျိုးမျိုးကွဲပြားနေသောအတွေးသိမြင်ယူဆချက်များအပေါ်ညှိနှိုင်းမှုဖြင့်သဘောတူညီမှုရယူခြင်းဖြစ်ပါသည်။

**ထို့ကြောင့်, "ညှိနှိုင်းသဘောတူညီမှုရရှိခြင်းဆိုသည်မှာ"**

အကြောင်းအရာကိစ္စတစ်ရပ်အပေါ်တွင် သိမြင်ယူဆချက်များ အမျိုးမျိုးကွဲပြားလျက်ရှိပါက အများလက်ခံနိုင်သော အခြေအနေရရှိရန် ညှိနှိုင်းသဘောတူညီမှုရယူခြင်းဖြစ်ပါသည်။

## ညှိနှိုင်းသဘောတူညီမှုရယူခြင်းလုပ်ငန်းအဆင့်ဆင့်

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန်စွမ်းစွမ်းတမံအားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ထိုသို့ဆောင်ရွက်နေကြသူများတွင်ဌာနဆိုင်ရာဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှတာဝန်ရှိသူများ၊ ကျွမ်းကျင်သူများ ပါဝင်လျက်ရှိပါသည်။

ရင်ဆိုင်နေရတဲ့အခက်အခဲတွေကိုပြောပြချင်ပါသည်။

ရေလုပ်သားများ၊လယ်ယာလုပ်သားများမှာလည်းသက်တမ်းတစ်လျှောက်အတွေ့အကြုံအရနည်းစနစ်ဆိုင်ရာကျွမ်းကျင်မှုများရှိကြပါသည်။လက်ရှိအခြေအနေကိုပိုမိုတိုးတက်လာစေနိုင်သောဌင်းတို့၏တွေးခေါ်ယူဆချက်များကိုအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။



အများသူငါရဲ့ပြောဆိုမှုတွေကိုကြားသိရမှသာလျှင်အများအကျိုးအတွက်စတင်လုပ်နိုင်ပါမည်။

မျှော်လင့်ချက်ရောင်ခြည်သန်းလာပါပြီ။

ရေလုပ်သားများနှင့် လယ်ယာလုပ်သားများ၏အတွေ့အကြုံများသည် ပကတိလုပ်ငန်းခွင်အကြောင်း ပိုမိုနက်နဲစွာသိရှိလာစေနိုင်ပါသည်။ ရှုပ်ထွေးနက်နဲသော အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများဖော်ဆောင်ရာတွင်လည်း အထောက်အကူရရှိစေပါသည်။ အသက်မွေးဝမ်းကြောင်းနည်းလမ်းများကို ကျား/မကြီးငယ်မရွေးဆင်းရဲနွမ်းပါးနေသူများ၊ လူမျိုးစုများအတွင်းသော်လည်းကောင်း၊ ခေတ်နောက်ကျန်သော အဖွဲ့များတွင်လည်းဆောင်ရွက်နိုင့်ရမည်ဖြစ်ပါသည်။

ညှိနှိုင်းသဘောတူညီမှုတည်ဆောက်ရာတွင်အတွေ့အကြုံများကိုပြောဆိုနိုင်ခွင့်ရှိရပါမည်။ သို့မှသာလျှင် အများလိုအပ်ချက်နှင့်အညီ ပိုမိုကောင်းမွန်သော အခြေအနေများကိုစီစဉ်ပေးနိုင်ပါမည်။



## ညှိနှိုင်းသဘောတူညီမှုတည်ဆောက်မှုလုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်း

"ဆင်းရဲနွမ်းပါးသူများကိုယ်တိုင်ရေသတ္တဝါမွေးမြူရေးဆိုင်ရာပေါ်လစီများပါဝင်ရေးဆွဲနိုင်မှု " ကို လူမျိုးစုကျေးရွာများတွင် အကောင်အထည်ဖော်နိုင်ရန် STREAM အနေဖြင့် ဆောင်ရွက်ရာတွင် ကျေးရွာများ၊ သုတေသနပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အခြားအဖွဲ့အစည်းများမှ အကအကူညီပေးခဲ့ကြပါသည်။

အသိအမြင်များမှာအမျိုးမျိုးကွဲပြားသော်လည်း လုပ်ငန်းစတင်အကောင်အထည်ဖေါ်သည်နှင့် အကူအညီရများရရှိခဲ့ပါသည်။ အဖွဲ့သားအားလုံးပါဝင်ဆွေးနွေးနိုင်စေခဲ့ပြီး STREAM သည် ညှိနှိုင်းခြင်းဖြင့်သဘောတူညီမှုရယူခြင်းနည်းလမ်းကိုအသုံးချခဲ့ပါသည်။

အဖွဲ့များမှာအချင်းချင်းအသိမိတ်ဆွေများဖြစ်ပါသည်။ ရှေးဦးစွာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပါသည်။ နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးသောအခါအယူအဆအမျိုးမျိုးပေါ်ထွက်လာပါသည်။

ထိုအယူအဆအမျိုးမျိုးကို အပြန်အလှန်ဆွေးနွေးကြပါသည်။ မည်သူကမည်သို့ဆွေးနွေးသည်ကို မသိနိုင်ရန်ဆောင်ရွက်ထားပါသည်။ နောက်ဆုံးတွင် အဖွဲ့သားအချင်းချင်းညှိနှိုင်းသဘောတူညီမှုရရှိလာကြပါသည်။ အသိအမြင်ပြောင်းလဲလာပါသည်။

ဆွေးနွေးမှုများကိုပြန်လည်သုံးသပ်ပြီး လက်ခံနိုင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အကြောင်းပြချက်ခိုင်လုံစွာဖြင့် ပြုလုပ်ကြပါသည်။

ဤနည်းအားဖြင့် လိုအပ်ချက်(၄၂)ခုကို တင်ပြခဲ့သည့်အနက် (၁၃)ချက်ကို ပြုပြင်ပေးနိုင်ရန်စုစည်းအဆိုပြုနိုင်ခဲ့ပါသည်။

## ညှိနှိုင်းသဘောတူ

**...** လုပ်ငန်းတွင်ပါဝင်သူများ၊ အခြေခံအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ ကျေးရွာလူထုကယုံကြည်အားထားမှုရှိလာရန်အချိန်လိုအပ်ပါသည်။

**....**အပြုသဘောဆောင်သော အသိအမြင်များဖေါ်ထုတ်ပြောကြားနိုင်ရန် ဆောင်ရွက်ပေးရမည်။



**...** ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးလုပ်ငန်းပိုမိုအောင်မြင်စေရန်ပေါ်လစီချခြင်း၊ဆုံးဖြတ်ချက်ချခြင်းတွင် ဆင်းရဲနွမ်းပါးသူများကိုယ်တိုင်ပါဝင်ထိတွေ့ရန်လိုအပ်ပါသည်။

**...** ပြဿနာ၊ရုပ်ရှင်ဗီဒီယို၊သတင်းများအကြောင်းကိုစုဝေးပြောဆိုနိုင်သောနေရာနှင့်အချိန်ရှိရပါမည်။

**...** လုပ်ငန်းဆောင်ရွက်ရာတွင်ခွဲခွဲခြားခြားမလုပ်ပါနှင့်။

**...** အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၏ ပြောဆိုမှုကိုနားစွင့်ထားပါ။

**...** ရာထူးအဆင့်ဆင့်တာဝန်ခွဲဝေပေးခြင်း၊ အဆင့်အတန်းသတ်မှတ်ခြင်းမပြုပဲ ပါဝင်ပြောဆိုဆွေးနွေးနိုင်သောအခြေအနေကို ဖန်တီးပေးရန်လိုအပ်ပါသည်။
ဥပမာအားဖြင့် အဖွဲ့သားများကိုသီးခြားတစ်နေရာတွင်စုစည်းပြီး သာမန်အခြေအနေအတိုင်း မိမိအမြင်အသိများကိုပြောဆိုနိုင်ရန် ဖန်တီးပေးရပါမည်။

## ညှိနှိုင်းသဘောတူညီမှုတည်ဆောက်ခြင်းလုပ်ငန်းစဉ်(၇)ချက်ကိုပြန်လည်သုံးသပ်ခြင်း

မိမိတို့သည်အသက်အရွယ်ကြီးရင့်တဲ့အဖိုးအိုအဖွားအိုများဖြစ်ပါသည်။သက်တမ်းတစ်လျောက်ပြောင်းလဲမှုတွေ တွေ့ခဲ့ပါသည်။ ဒါပေမဲ့ဆင်းရဲနွမ်းပါးသူတွေကိုယ်တိုင်ပေါ်လစီပြောင်းလဲဖို့ပါဝင်လုပ်နိုင်တာမျိုး မရှိခဲ့ဘူးပါဘူး။

**၁။ အောက်ခြေမှအကြံပြုချက်များ**

ရေလုပ်သားများ၊လယ်ယာလုပ်သားများနှင့်ဆွေးနွေးခြင်း

- လယ်ယာလုပ်သားအဖွဲ့၊ ကျေးရွာသမဝါယမအသင်းအစည်းအဝေး
- ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စည်ပင်သာယာရေးဆိုင်ရာဆွေးနွေးခြင်း
- ခရိုင်၊ ပြည်နယ်/တိုင်းအရာရှိအဆင့်ဆွေးနွေးခြင်း

**၂။ အချက်အလက်များအဆိုပြုချက်များစုစည်းခြင်း**

ကျေးရွာမှတင်ပြသောအဆိုပြုချက်မူကြမ်းများကိုဦးစားပေးအလိုက်ပြုစုခြင်း

**၃။ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

ပြုစုထားသောအချက်အလက်များကိုပေါ်လစီကိုစွဆောင်ရွက်သူများထံဆက်လက်တင်ပြသဘောထားခံယူခြင်း။

**၄။ အကျဉ်းချုပ်ပြုစုပါ**

ချမှတ်ပေးသောဦးစားပေးအစီအစဉ်ကိုအကျဉ်းချုပ်ပြုစုရေးသားခြင်း။

**၅။ အတည်ပြုတင်ပြခြင်း**

အကျဉ်းချုပ်ပြုစုထားသောဦးစားပေးအစီအစဉ်ကိုအတည်ပြုနိုင်ရန်ပေါ်လစီကိုစွဆောင်ရွက်သူများနှင့်လယ်ယာလုပ်သားများထံချပြခြင်း။

အဖွားရေ–မဟာဂျာရဲ့အဖြစ်အပျက်လေးကိုဖတ်ကြည့်ပါဦး။
ကျွန်တော်ကျွန်မတို့တတွေကပေါ်လစီပြောင်းလဲလာဖို့ဘယ်လိုလုပ်ခဲ့ကြတယ်ဆိုတာအဖွါးသိလာမှာပါ။

**၆။ ပေါ်လစီချမှတ်ရန်ပြုစုခြင်းအဆင့်**

အဆိုပြုထောက်ခံတင်ပြချက်များကိုပေါ်လစီအဖြစ်ချမှတ်နိုင်ရန်ပြင်ဆင်ခြင်း။

**၇။ ပေါ်လစီပြုပြင်ပြောင်းလဲခြင်း**









***မဟာဂျာ– ငါးဖမ်းပိုက်အကြီးစား***

မဟာဂျာ ပြဇာတ်ရဲ့ဇာတ်လမ်းဖြစ်ပါသည်။ အကြီးစားငါးဖမ်းပိုက်တစ်ဖုံသည် အရာရှိတွေရှေ့မှာချထားပါသည်။ အသက်မွေးဝမ်းကြောင်းမှုလုပ်ကိုင်စားသောက်ကြသူများ ရင်ဆိုင်ကြုံတွေ့ရသောဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ အလားတူဇာတ်လမ်းတွေကိုညှိနှိုင်းသဘောတူညီမှုတည်ဆောက်ခြင်းလုပ်ငန်းမှာအများအပြားကြုံတွေ့ရပါသည်။

ဇာတ်လမ်းသည်ဆင်းရဲနွမ်းပါးသူများနှင့်ပေါ်လစီချမှတ်သူများဆက်စပ်မှုကိုဖော်ညွှန်းထားပါသည်။ အဆိုပြုတင်ပြချက်(၁၃)ခုကို ပေါ်လစီချမှတ်သူတွေကိုင်တွယ်ဆောင်ရွက်နိုင်ရန်လုပ်ဆောင်နိုင်ခဲ့ပါသည်။





# ညှိနှိုင်းသဘောတူညီမှုတည်ဆောက်ခြင်း၏အားသာချက်အချို့




လူမျိုးစုံ၊စရိုက်မျိုးစုံ၊အဆင့်မျိုးစုံရှိပါတဲ့အတွက်တစ်ခါတစ်ရံဆုံးဖြတ်ချက်ချဖို့ခက်ခဲပါတယ်။အချို့အဖွဲ့ဝင်များကလွှမ်းမိုးထားသည့်အတွက်အားလုံးရဲ့ပြောဆိုဆွေးနွေးမှုမရခဲ့ပါဘူး။ အချို့သည်လည်းမိမိအကြီးအကဲရှေ့တွင်ဆန္ဒထုတ်ဖေါ်ပြောကြားလိုခြင်းမရှိကြပါ။

ညှိနှိုင်းသဘောတူညီမှုတည်ဆောက်ခြင်းတွင်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အရှိန်အဝါဖြင့်ကန့်သတ်လွှမ်းမိုးမှုမရှိစေရန်ဖန်တီးထားရပါမည်။

## ဆက်သွယ်ရန်

### ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲများ

ယခုစာစဉ်တွင်အောက်ပါလက်စွဲများလည်းပါဝင်ပါသည်။

- သတင်းနှင့်ဆက်သွယ်ရေးအချက်အလက်များဖော်ထုတ်ခြင်း
- ကိုယ်ထူကိုယ်ထအဖွဲ့

ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲစာစောင်များကို STREAM (မြန်မာ)ရုံး သို့မဟုတ် STREAM (ရုံးချုပ်) သို့မဟုတ် STREAM Website မှရရှိနိုင်ပါသည်။

ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲစာစောင်များနှင့်ပတ်သက်၍ အကြံပြုချက်များကိုတယ်လီဖုန်း၊ အီးမေး(လ်)သို့မဟုတ်စာဖြင့်ရေးသား၍သတင်းနှင့်ဆက်သွယ်ရေးမန်နေဂျာ (Communication Hub Manager) STREAM (မြန်မာ)သို့တစ်ဖက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။

**STREAM မြန်မာ**

မွေးမြူရေးဌာနခွဲ
ငါးလုပ်ငန်းဦးစီးဌာန
ဆင်မင်းလမ်း၊ အလုံစာတိုက်
ရန်ကုန်မြို့။
ဖုန်း : ၆၅၁ ၂၂၅၅၈၆
ဖက်(စ်) : ၆၅၁ ၂၂၈၂၅၈
Email: : aquadof@myanmar.com.mm

**STREAM Regional Office**
c/o NACA
Department of Fisheries Complex
Kasetsart University Campus
Phaholyothin Rd
Bangkhen, Bangkok 10903
Thailand
Phone: 662 561 1728/29
Fax: 662 561 1727
Email: stream@enaca.org

**STREAM Website**
www.streaminitiative.org